# စကားပြန် လုပ်ငန်းများကို အသုံးပြုခြင်း

ဧပြီ ၂၀၁၁

How to use interpreting services - Burmese

စကားပြန်များသည် သတ်မှတ်ထားသော ဘာသာစကားများကို အထူးသင်တန်းတက်ထားသော လုပ်ငန်းကျွမ်းတျင်သူများဖြစ်ပြီး သင်နှင့် ကျွန်ုပ်တို့ ၏ ကိစ္စတာဝန်ကျဝန်ထမ်း(ကေ့စ်ဝါကာ)များ အကြား အတတ်နိုင်ဆုံးနားလည်သဘောပေါက်ရန် အဆက်အသွယ်ပြုပေးနိုင်သူများဖြစ်ကြသည်။

HAPPY TO TRANSLATE

ယင်းသည်အထူးသဖြင့် သင်သည် အဘယ်ကြောင့် ခိုလှုံခွင့်လျှောက်သည်ကို အသေးစိတ်ပြောပြရာတွင် အထူးသဖြင့် အရေးကြီးသည်။ စကားပြန်ခြင်းသည် ရှုပ်ထွေးမှုနှင့် အဓိပ္ပါယ်ကောက်လွဲမှားခြင်း၊ လွဲမှားနားလည်ခြင်းများကို တတ်နိုင်သ၍ နည်းပါးစေသည်။ ဆွေမျိုး မိတ်ဆွေများသည် ဘာသာစကားဆက်သွယ်ရေး သင်တန်းဆင်းများ မဟုတ်၍ တတ်နိုင်သ၍ မသုံးရန် ကျွန်ုပ်တို့ မှ အလေးအနက်တိုက်တွန်းလိုသည်။ ထိုအတွက်ကြောင့် သူတို့ သည် သင်ပြောကြားချက်များကို ရှင်းလင်းတိကျစွာ ပြန်ဆိုရန် ကျွမ်းကျင်မှုရှိချင်မှရှိလိမ့်မည်ဖြစ်၍ လွဲမှားနားလည်မှုဖြစ်ပေါ်စေနိုင်သည်။

အကယ်၍ သင်နှင့် ကျွန်ုပ်တို့ ၏ဝန်ထမ်းများအကြား ပြောဆိုဆက်သွယ်ရာတွင် နားမလည်ခြင်း၊ သို့ မဟုတ် ထိရောက်မှုမရှိခြင်းရှိသည်ဟု ယူဆလျှင် ကျွန်ုပ်တို့ သည် သင့်အတွက် စကားပြန် စီစဉ်ပေးမည်။ အကယ်၍ ဘာသာစကားကြီးတခုထဲက ဘာသာခွဲတခုကို ပြောလျှင် ကျွန်ုပ်တို့ အားပြောပါ။ ကျွန်ုပ်တို့ ထိုစကားပြောတတ်

သည့် စကားပြန်ကို ကြိုးစားရှာပေးပါမည်။ သင့်ထံမှ စကားပြန်သည် အခကြေးငွေမယူရ။ အကယ်၍ ယူခဲ့ သော် ထိုအကြောင်းကို သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပါ။

**အခွင့်အရေးနှင့် တာဝန် ဝတ္တရားများ။**

တာဝန်ပေးထားသောစကားပြန်သည် သင် ဦးစားပေးသည့် ဘာသာစကားကို ပြောဆိုနိုင်ခြင်း နားလည်ခြင်း ရှိရမည်။ ရံဖန်ရံခါ သင်လို လားသည့် ဘာသာစကားပြောတတ်သည့် စကားပြန်သည် ရှာရန် ခက်ခဲတတ်ပါသည်။ မည်သို့ ဆိုစေ သင့်ထံတွင် အောက်ပါတို့ နှင့်ပြည့်စုံသော စကားပြန်ကို အသုံးပြုနိုင်ရန် သင့်တွင် အခွင့်အရေးရှိပေသည်။

- ဘက်မလိုက်ခြင်း၊ သင်၏ပြောဆိုချက်များ ကို လွှမ်းမိုးအောင်မပြောသူ၊ လွဲမှား နားလည်မှု မဖြစ်ပေါ်စေသူ။
- ကျွမ်းကျင်မှု၊ တတ်နိုင်သ၍ တလုံးချင်း ဘာသာပြန်ပြီး သင့်ပြောဆိုချက်များကို တတ်နိုင်သ၍ အဓိပ္ပယ်မပြောင်း လဲအောင် စကားပြန်ဆိုသူ။
- ပညာရှင်ပီသမှု၊ သင်၏တကိုယ်ရေအခွင့်အရေးအပါအဝင် သင့်အား လူပုဂ္ဂိုလ်တဦးအနေဖြင့် လေးစားပြီး၊ လျှို့ ဝှက်ထိန်းသိမ်းသင့်သည်များကို မဖေါက်ဖျက်ဘဲ၊ သင်ပြောစကားများကို အခြားမဆိုင်သူများသို ဖွင့်ဟမပြောသူ၊
- လူလူခြင်းခွဲခြားမှုမရှိမှု ၊ သင်၏မည်သည့်နိုင်ငံသားဖြစ်မှု၊ လူမျိုးခွဲဖြစ်မှု၊ ယုံကြည်မှု( ဘာသာ၊ နိုင်ငံရေး)၊ လိင်ကွဲပြားမှု၊ မည်သည့်လိင်ကို စိတ်ဝင်စားမှု၊ အသက်အရွယ်၊ ကျန်းမာရေးအခြေအနေ တို့ အပေါ် အပေါ် အခြေခံ၍ သင့်အပေါ် ခွဲ ခြားမှု မပြုသည့် ပြောဆိုဆက်ဆံသူ။

Scottish Refugee Council, 5 Cadogan Square, (170 Blythswood Court), Glasgow G2 7PH Tel: 0141 248 9799, Fax: 0141 243 2499,
www.scottishrefugeecouncil.org.uk
Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

လိုအပ်လျှင် သင်သည် အမျိုးသား သို့ မဟုတ် အမျိုးသမီးစကားပြန် ကိုရွေးချယ်တောင်းဆိုနိုင်ပါသည်။ စကားပြန်ကို လူကိုယ်တိုင်လာရောက်ခြင်းဖြင့်သော်၎င်း၊ တယ်လီဖုံးဖြင့်သော်၎င်း ကျွန်ုပ်တို့ သည် သင့်အတွက်ရှာပေးကာ သင်၏လိုလားချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆီးပေးပါမည်။

**စိတ်ဝင်စားမှု ပြဿနာ**

အကယ်၍ သင်၏ စကားပြန်သည် သင့်အတွက် အခြားအဖွဲ့ အစည်းတခုခုအတွင်  စကားပြန်ပေးဘူးခြင်းရှိလျှင် သို့ မဟုတ် သင်တို့ အသိုင်းအဝိုင်းထဲမှ အသိဖြစ်လျှင်သို့ မဟုတ် သင်၏မိတ်ဆွေသို့ မဟုတ် ရှေ့ဆောင်ပြလုပ်ပေးခဲ့ဘူးသူဖြစ်လျှင်၊ ထိုအကြောင်းကို သင်၏ အမှုတွဲကိုင်သူသို့ သင်ရော စကားပြန်မှပါ ပြောပြသင့်သည်။

**သင်သည် ချိန်းဆိုထားမှုသို့ မတက်ရောက်နို င်လျှင်**

ကျွန်ုပ်တို့ သည် ငွေကြေးအနည်းငယ်သာသုံးနိုင်သော ကုသိုလ်ဖြစ်အဖွဲ့ ဖြစ်ပါသည်။
အကယ်၍ သင်သည် အမှုချိန်းနောက်ကျလျှင်၎င်း၊ လွတ်သွားလျှင်၎င်း ကျွန်ုပ်တို့ သည် စကားပြန်ငှါးထားပြီးဖြစ်၍
သူ့ အတွက် အခကြေးငွေမပေးမဖြစ်ပါ။
သင်သည် ဆက်လက်၍ ချိန်းဆိုမှုများကို ပျက်ကွက်ပြီး ကြိုတင် မဖျက်သိမ်းလျှင် သင့်အတွက် စကားပြန်ငှားပေးခြင်း မပြုနိုင်ဘဲဖြစ်သွားနိုင်ပါသည်။
အကယ်၍ ရက်ချိန်းအတိုင်းမသွားရောက်နိုင်ပါက ကျွန်ုပ်တို့ ထံ ဖုံး နံပတ် ၀၈၀၀ ၀၈၅ ၆၀၈၇ သို့  ခေါ်ပါ။ ဤနံပတ်သည် ကုန်းလိုင်း(အိမ်ဖုံး)များမှ အခမဲ့ဖြစ်သည်။ လက်ကိုင်ဖုံးများမှ အခမဲ့ မဟုတ်ပါ။

**တိုင်တန်းခြင်းသို့ မဟုတ် အကြံပြုခြင်း**

စကားပြန်များသည် နှုတ်ဖြင့် ဆက်သွယ်ရေးတွင် အထောက်အကူပြုသည်။ စကားပြန်များသည် အကြံပေးများမဟုတ်။ သူတို့ သည် လူဝင်မှုကြီးကြပ်ရေး သို့ မဟုတ် ခိုလှုံခွင့် နှင့်ပတ်သက်၍ အကြံညဏ် ပေးခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည်။

သူတို့ ၏ တာဝန်ထမ်းဆောင်ချက်များအပေါ် မကြေနပ်လျှင် သို့ မဟုတ် အကြံပြုလိုလျှင် သင်၏ အမှုကိုင်တွယ်သူ  သို့ မဟုတ် စကော့တစ်ရှ်ဒုက္ခသည်ကောင်စီ(SRC)သို့ ချက်ချင်း အကြောင်းကြားရမည်။ သင်၏ တိုင်းတမ်းချက်ကို ဖြေရှင်းမှုမပြုနိုင်လျှင်၊ သင်သည် ကျွန်ုပ်တို့ ၏ ရုံးမှ သို့ မဟုတ် အောက်ဖေါ်ပြပါ ကျွန်ုပ်တို့ ၏ ဝက်ဘ်စိုက်မှ ရယူနိုင်သည့် တရားဝင်တိုင်ကြားလွှာကို ရေးဖြည့်၍ တိုင်ကြားနိုင်ပါသည်။

http://www.scottishrefugeecouncil.org.uk/assets/0000/0183/Complaint_leaflet_English_March_2010.pdf

သို့ မဟုတ် ကျွန်ုပ်တို့ ၏ ဝက်ဘ်စိုက်  http://www.scottishrefugeecouncil.org.uk/contact မှ မှတဆင့်သွယ်နိုင်ပါသည်။

သင်၏ ပြီးပြည့်စုံစွာဖြည့်ပြီးသော တိုင်ကြားလွှာကို ကျွန်ုပ်တို့ ရုံးသို့  ပြန်ပို့ ရမည်။

သင်၏ အကြံပြုမှုများကိုကြိုဆိုပါသည်။ ကျွန်ုပ်တို့ ရုံးရှိ အကြံညဏ်ပုံးတွင်းသို့  ထည့် နိုင်ပါသည်။

အကယ်၍ သင်အား အကြံညဏ်ပေးမှု ညံ့ဖျင်းသည်၊ တာဝန်ထမ်းဆောင်မှုမလုံလောက် ဟုထင်လျှင် သင်သည် လူဝင်မှုကြီးကြပ်ရေး ကော်မရှင်နာရုံး (OISC):  http://www.oisc.gov.uk/  တိုင်တမ်းနိုင်ပါသည်။